# အထူးကုန်စည်ခွန်ပေးဆောင်ရန် တာဝန်ရှိသည့်လုပ်ငန်းရှင်များအနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

## နိဒါန်း

ဤစာစောင်တွင် အခွန်ထမ်းပြည်သူများအနေဖြင့် အထူးကုန်စည်ခွန်နှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းလွယ်ကူစွာသိရှိနိုင်စေရန်နှင့် လိုက်နာဆောင်ရွက်နိုင်စေရန် ဖော်ပြသွားပါမည်။

## ရည်ရွယ်ချက်

ဤစာစောင်၏ရည်ရွယ်ချက်မှာ အခွန်ထမ်းပြည်သူများအနေဖြင့် မိမိတို့ဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ် အထူးကုန်စည်ခွန်ထမ်းဆောင်ရာတွင် လိုက်နာရမည့်လုပ်ငန်းစဉ်များနှင့် မိမိပေးဆောင်ခဲ့ပြီးဖြစ်သည့်အထူးကုန်စည်ခွန်ကို ကျသင့်အခွန်မှ ခုနှိမ်ခြင်းဆိုင်ရာကိစ္စရပ်များအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်အလက်များကို ရှင်းလင်းစွာ သိရှိနိုင်စေရန် ရည်ရွယ်ပါသည်။

## စာစောင်ပါ အကြောင်းအရာများ

- အခွန်ကျသင့်သည့် အထူးကုန်စည်အမျိုးအစားများနှင့် ကျသင့်သည့်အခွန်နှုန်းထားများ
- အထူးကုန်စည်ခွန်မှတ်ပုံတင်ရန်၊ ကြေညာလွှာတင်သွင်းရန်နှင့် အခွန်ပေးဆောင်ရန်တာဝန်ရှိသူများ
- အထူးကုန်စည်ခွန်မှတ်ပုံတင်ရာတွင် တင်ပြရန်လိုအပ်သည့်စာရွက်စာတမ်းအထောက်အထားများ
- ကြေညာလွှာတင်သွင်းခြင်း
- အထူးကုန်စည်ခွန် ပေးဆောင်ခြင်း
- အခြားသိသင့်သည့် အချက်များ
- အထူးကုန်စည်ခွန်ခုနှိမ်ခွင့်ရှိသူများ
- အထူးကုန်စည်ခွန်ခုနှိမ်ပေးသွင်းခြင်းဆိုင်ရာ သတ်မှတ်ချက်များ
- အထူးကုန်စည်ခွန်ခုနှိမ်ပေးသွင်းခြင်းဆိုင်ရာ သတ်မှတ်ပုံစံများ
- အထူးကုန်စည်ခွန်ခုနှိမ်ခွင့်မပြုသည့်ကိစ္စရပ်များ

## အခွန်ကျသင့်သည့် အထူးကုန်စည်အမျိုးအစားများနှင့် ကျသင့်သည့်အခွန်နှုန်းထားများ

- ၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပြဋ္ဌာန်းချက်အရ အခွန်ကျသင့်သည့် အထူးကုန်စည်အမျိုးအစားများနှင့် ကျသင့်သည့်အခွန်နှုန်းထားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁။ | စီးကရက်အမျိုးမျိုး | ရောင်းဈေးပေါ်မူတည်၍ တန်ဖိုးအဆင့် ၄ ဆင့်ခွဲ၍ သတ်မှတ်သည်။ | တစ်လိပ်လျှင် ၆ကျပ်မှ ၂၀ကျပ် ထိ |
| ၂။ | ဆေးရွက်ကြီး။ | | ၆၀ % |
| ၃။ | ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး။ | | ၆၀ % |
| ၄။ | ဆေးပေါ့လိပ်။ | | တစ်လိပ်လျှင် ၅၀ ပြား |
| ၅။ | ဆေးပြင်းလိပ်။ | | ၈၀ % |
| ၆။ | ဆေးတံသောက်ဆေးများ။ | | ၈၀ % |
| ၇။ | ကွမ်းစားဆေးအမျိုးမျိုး။ | | ၈၀ % |
| ၈။ | အရက်အမျိုးမျိုး | ရောင်းဈေးပေါ်မူတည်၍ တန်ဖိုးအဆင့် ၁၆ ဆင့်ခွဲ၍ သတ်မှတ်သည်။ | တစ်လီတာ ၁၂၂ ကျပ်မှ တစ်လီတာ တန်ဖိုး၏ ၆၀ % ထိ |
| ၉။ | ဘီယာအမျိုးမျိုး။ | | ၆၀ % |
| ၁၀။ | ဝိုင်အမျိုးမျိုး | ရောင်းဈေးပေါ်မူတည်၍ တန်ဖိုးအဆင့် ၁၆ ဆင့် ခွဲ၍ သတ်မှတ်သည်။ | တစ်လီတာ ၈၁ ကျပ်မှ တစ်လီတာ တန်ဖိုး၏ ၅၀ % ထိ |
| ၁၁။ | သစ်လုံး၊သစ်ခွဲသားများ။ | | ၅% |
| ၁၂။ | ကျောက်စိမ်းအရိုင်းထည်များ။ | | ၁၅% |
| ၁၃။ | စိန်နှင့်မြမှအပ ပတ္တမြား၊နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ၊ | | ၁၀ % |

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁၄။ | စိန်နှင့်မြမှ အပ ကျောက်စိမ်း၊ ပတ္တမြား၊နီလာနှင့်အခြားအဖိုးတန် ကျောက်မျက်ရတနာအချောထည် များ၊ စိန်နှင့်မြမှ အပ လက်ဝတ် ရတနာတွင် စွဲကပ်ထားသည့် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ အခြားအဖိုးတန် ကျောက်မျက် ရတနာအချောထည်များ။ | | ၅ % |
| ၁၅။ | Double Cab 4 Door Pickup မှ အပ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင် ဝက်ဂွန် (Estate Wagon) ကား များ၊ ကူပေး(Coupe) ကားများ။ | ၁၅၀၁CCမှ ၂၀၀၀CCအထိ<br>၂၀၀၁CCမှ ၄၀၀၀CCအထိ<br>၄၀၀၁CC နှင့်အထက် | ၁၀ %<br>၃၀ %<br>၅၀ % |
| ၁၆။ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | ၅ % |
| ၁၇။ | သဘာဝဓာတ်ငွေ့။ | | ၈ % |

❖ အောက်ပါအထူးကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချသူသည် ယင်းရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန်ကျသင့်စေရမည်။ ဖော်ပြပါ အထူး ကုန်စည်များမှတစ်ပါး ကျန်အထူးကုန်စည်များကို ပြည်ပသို့တင်ပို့ခြင်းအတွက် အထူး ကုန်စည်ခွန် မကျသင့်စေရ။ အခွန်ကျသင့်သည့် အထူးကုန်စည်ကို ပြည်ပသို့ တင်ပို့ရောင်းချ ခြင်းအတွက် ကျသင့်အထူးကုန်စည်ခွန်မှ ကုန်စည်ကိုဝယ်ယူစဉ်၊ တင်သွင်းစဉ်၊ ထုတ်လုပ် စဉ်က ပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်ကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ရမည် -

| စဉ် | ကုန်စည်အမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁။ | သဘာဝဓာတ်ငွေ့။ | ၈ % |
| ၂။ | သစ်လုံး၊သစ်ခွဲသားများ။ | ၁၀ % |
| ၃။ | ကျောက်စိမ်းအရိုင်းထည်များ။ | ၁၅ % |
| ၄။ | စိန်နှင့် မြ မှအပ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက် ရတနာ အရိုင်းထည်များ။ | ၁၀ % |

| စဉ် | ကုန်စည်အမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၅။ | စိန်နှင့် မြ မှအပ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာအချောထည်များ၊ စိန်နှင့် မြ မှအပ လက်ဝတ်ရတနာတွင် စွဲကပ်ထားသည့်ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာအချောထည်များ။ | ၅ % |

**ရှင်းလင်းချက်။** ၁။ ၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေသည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအတွက် ၁-၁၀-၂၀၁၈မှ စတင် အကျိုးသက်ရောက်ပါသည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှအပ ကျန်အခွန်ထမ်းများအားလုံးအတွက် လက်ရှိကာလကို ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဖြင့်သာ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

၂။ ပြည်ထောင်စုလွှတ်တော်က နှစ်စဉ်ပြဋ္ဌာန်းသည့်ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ကုန်စည်အမျိုးအစားနှင့် အခွန်နှုန်းထားများမှာ နှစ်စဉ်အပြောင်းအလဲ ရှိနိုင်ပါသည်။

## အထူးကုန်စည်ခွန်မှတ်ပုံတင်ရန်၊ ကြေညာလွှာတင်သွင်းရန်နှင့် အခွန်ပေးဆောင်ရန် တာဝန်ရှိသူများ

အောက်ပါလုပ်ငန်းအမျိုးအစားတစ်ခုခုကို ဆောင်ရွက်ပါ က အထူးကုန်စည်ခွန် မှတ်ပုံတင်ရန်၊ ကြေညာလွှာတင်သွင်းရန်နှင့် အခွန်ပေးဆောင်ရန်တာဝန်ရှိပါသည် -

- အထူးကုန်စည်ကို ပြည်တွင်းသို့တင်သွင်းခြင်း၊
- အထူးကုန်စည်ကို ပြည်တွင်း၌ထုတ်လုပ်ခြင်း၊
- အထူးကုန်စည်ကို ပြည်ပသို့တင်ပို့ခြင်း၊

**မှတ်ချက်။** အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ထားရှိခြင်းဖြစ်ပါက လက်ဝယ်ထားရှိသူအနေဖြင့် မှတ်ပုံတင်ရန်နှင့် ကြေညာလွှာတင်သွင်းရန် တာဝန်မရှိသော်လည်း အခွန်ပေးဆောင်ရန် တာဝန်ရှိပါသည်။

## အထူးကုန်စည်ခွန်မှတ်ပုံတင်ခြင်း

အောက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် မိမိ၏လုပ်ငန်းကို စည်းကြပ်မှုခံယူရမည့် သက်ဆိုင်ရာအခွန်ဦးစီးဌာနမှုးရုံးတွင် လုပ်ငန်းမှတ်ပုံတင်ခွင့်ပြုပါရန် လိုအပ်သည့်စာရွက်စာတမ်းများ ပူးတွဲလျက် **ပတခ (အထခ)-၁** ပုံစံဖြင့် လျှောက်ထားရပါ မည် -

- ❖ **အထူးကုန်စည်ကို ပြည်တွင်းသို့ တင်သွင်းခြင်း** -
  - ➢ အဆိုပါ အထူးကုန်စည်ကို အကောက်ခွန်ဦးစီးဌာနမှ ရွေးယူခြင်းမပြုမီ အချိန်တွင်လည်းကောင်း၊
- ❖ **အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်ခြင်း** -
  - ➢ ထုတ်လုပ်ခြင်းမပြုမီ(လုပ်ငန်းမစတင်မီ) **သုံးလ** ကြိုတင်၍လည်းကောင်း၊
- ❖ **အထူးကုန်စည်ခွန်ကျသင့်သော ကုန်စည်များကို ပြည်ပသို့ တင်ပို့ခြင်း** -
  - ➢ ပြည်ပသို့ တင်ပို့ခြင်းမပြုမီ အချိန်တွင်လည်းကောင်း မှတ်ပုံတင်ရမည် ဖြစ်ပါသည်။

| | |
|---|---|
| မှတ်ချက်။ | အထူးကုန်စည်ထုတ်လုပ်သူအဖြစ် မှတ်ပုံတင်ထားသည့်လုပ်ငန်းရှင်က ပြည်တွင်းသို့ ကုန်စည်တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းအတွက် မှတ်ပုံတင်အမှတ်အသစ် တစ်ခု ထပ်မံလျှောက်ထားရန် မလိုအပ်ပါ။ |

## အထူးကုန်စည်ခွန်မှတ်ပုံတင်ရာတွင် တင်ပြရန်လိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများ

- ❖ **အထူးကုန်စည်ကို ပြည်တွင်းသို့တင်သွင်းသူ ဖြစ်ပါက** -
  - ➢ နိုင်ငံသားမှတ်ပုံတင် သို့မဟုတ် ပတ်စ်ပို့မိတ္တူ၊
  - ➢ တင်သွင်းသူ၏ လိုင်စင်ဓာတ်ပုံ (၂) ပုံ၊
  - ➢ သွင်းကုန်လိုင်စင်၊
  - ➢ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (ကုမ္ပဏီအမည်ဖြင့် မှတ်ပုံတင်ခြင်းဖြစ်ပါက)၊
  - ➢ အသင်းအဖွဲ့ မှတ်ပုံတင်လက်မှတ် (အသင်းအဖွဲ့အမည်ဖြင့် မှတ်ပုံတင်ခြင်းဖြစ်ပါက)၊
  - ➢ အိမ်ထောင်စု လူဦးရေစာရင်း ပုံစံ ၆၆/၆ မိတ္တူ (တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက)၊
- ❖ **အထူးကုန်စည်ကို ပြည်တွင်း၌ထုတ်လုပ်သူ ဖြစ်ပါက** -
  - ➢ နိုင်ငံသားမှတ်ပုံတင် သို့မဟုတ် ပတ်စ်ပို့မိတ္တူ၊
  - ➢ ထုတ်လုပ်သူ၏ လိုင်စင်ဓာတ်ပုံ (၂) ပုံ၊
  - ➢ ယစ်မျိုးလိုင်စင်မိတ္တူ (အရက်၊ ဝိုင်၊ဘီယာထုတ်လုပ်သူဖြစ်ပါက)၊
  - ➢ စက်မှုကြီးကြပ်လိုင်စင်မိတ္တူ၊

- ကုမ္ပဏီမှတ်ပုံတင် လက်မှတ် (ကုမ္ပဏီအမည်ဖြင့် မှတ်ပုံတင်ခြင်းဖြစ်ပါက)၊
- အသင်းအဖွဲ့ မှတ်ပုံတင်လက်မှတ်(အသင်းအဖွဲ့အမည်ဖြင့် မှတ်ပုံတင်ခြင်းဖြစ်ပါက)၊
- ခွင့်ပြုချက်လျှောက်ထားသည့် အထူးကုန်စည်ထုတ်လုပ်မည့်လုပ်ငန်းဥပစာနေရာ သို့မဟုတ် လိပ်စာအပြည့်အစုံ၊
- စက်စွမ်းအား၊
- ကုန်ကြမ်းရရှိမှုအခြေအနေ၊ ကုန်ကြမ်းနှင့် ကုန်ချောထွက်ရှိမှု အချိုး၊
- အထူးကုန်စည်များကို ထုတ်လုပ်သူ သို့မဟုတ် အထူးကုန်စည်များကို ထုတ်လုပ်သည့် နေရာရှိ တာဝန်ရှိပုဂ္ဂိုလ်၏အမည်၊
- ထုတ်လုပ်မည့် အထူးကုန်စည်အမျိုးအစား၊
- အထူးကုန်စည်များကို ထုတ်လုပ်သည့်နေရာရှိ ဝန်ထမ်းအရေအတွက်၊
- မှတ်ပုံတင်ထားသော ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ခွင့်ပြုချက်လျှောက်ထားသည့် လုပ်ငန်း ဥပစာတစ်ခုစီ၌ ထုတ်လုပ်မည့် အထူးကုန်စည်အမျိုးအစားတစ်ခုချင်းစီ၏ပမာဏနှင့် တန်ဖိုး၊
- ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုလျှောက်ထားသည့် အဆောက်အအုံ၊ မြေအကျယ် အဝန်းနှင့်နယ်နိမိတ်၊ အဆောက်အအုံအတွင်းပိုင်းပုံစံ၊ ခြံစည်းရိုးနှင့် အကာအရံအမျိုးအစား၊

❖ **အထူးကုန်စည်ခွန်ကျသင့်သည့် ကုန်စည်များကို ပြည်ပသို့တင်ပို့သူ ဖြစ်ပါက** -

- နိုင်ငံသားမှတ်ပုံတင် သို့မဟုတ် ပတ်စ်ပို့မိတ္တူ၊
- တင်ပို့သူ၏ လိုင်စင်ဓာတ်ပုံ (၂) ပုံ၊
- ကုမ္ပဏီမှတ်ပုံတင် လက်မှတ် (ကုမ္ပဏီအမည်ဖြင့် မှတ်ပုံတင်ခြင်းဖြစ်ပါက)၊
- အသင်းအဖွဲ့ မှတ်ပုံတင်လက်မှတ်(အသင်းအဖွဲ့အမည်ဖြင့် မှတ်ပုံတင်ခြင်းဖြစ်ပါက)၊
- ပြည်ပတင်ပို့လိုင်စင်၊
- ပြည်ပမှ ကုန်ဝယ်အမှာစာ၊

မှတ်ချက်။ ၁။ အထူးကုန်စည်ကို ပြည်တွင်းသို့တင်သွင်းသူ၊ ပြည်တွင်း၌ထုတ်လုပ်သူ၊ ပြည်ပ သို့တင်ပို့သူများအတွက် ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်သည် ဘဏ္ဍာရေး နှစ်(၁)နှစ်တာကာလအတွက်သာဖြစ်သဖြင့် ဘဏ္ဍာနှစ်ကူးပြောင်းသည့်အခါ လုပ်ငန်း ဆက်လက်ဆောင်ရွက်လိုပါ က **လုပ်ငန်းမှတ်ပုံတင် သက်တမ်းတိုး လျှောက်ထားခြင်း** ကို ဘဏ္ဍာရေးနှစ် **မစတင်မီ သုံးလကြိုတင်၍** လျှောက်လွှာတင်သွင်းရပါ မည်။

၂။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနေဖြင့် အထူးကုန်စည်ခွန် မှတ်ပုံတင်ရန် မလိုအပ်သော်လည်း သက်ဆိုင်ရာအခွန်ရုံးတွင် အခွန်ထမ်းမှတ်ပုံတင်အမှတ် တောင်းခံ ထားရန် လိုအပ်ပါသည်။

## ကြေညာလွှာတင်သွင်းခြင်း

- ❖ အခွန်ကျသင့်သောအထူးကုန်စည်ကို **ပြည်တွင်းသို့တင်သွင်းသူ**သည် ပြည်တွင်းသို့ တင်သွင်းသည့် အထူးကုန်စည်များကို အကောက်ခွန်ဦးစီးဌာနမှ ထုတ်ယူခြင်းမပြုမီ **ပတခ(အထခ)-၆** ပုံစံကို အသုံးပြု၍ အထူးကုန်စည်စာရင်းကို အကောက်ခွန်ဦးစီးဌာနသို့ တင်သွင်းရမည်။
- ❖ အခွန်ကျသင့်သော အထူးကုန်စည်ကို **ပြည်တွင်း၌ထုတ်လုပ်သူ**သည် **ပတခ (အထခ)-၈** ပုံစံကို အသုံးပြုလျက် သုံးလပတ်ကြေညာလွှာကို သက်ဆိုင်ရာသုံးလပတ်ကုန်ဆုံးပြီး **(၁၀) ရက်**အတွင်း သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည်။
- ❖ အထူးကုန်စည်ခွန်ကျသင့်သော ကုန်စည်များကို **ပြည်ပသို့တင်ပို့သူ**သည် **ပတခ (အထခ)-၈** ပုံစံကို အသုံးပြုလျက် သုံးလပတ်ကြေညာလွှာကို သက်ဆိုင်ရာသုံးလပတ် ကုန်ဆုံးပြီး **(၁၀)ရက်**အတွင်း သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည်။

**❖ ကြေညာလွှာပုံစံများကို အခွန်ရုံးများတွင် ကြိုတင်ထုတ်ယူနိုင်ပါသည်။**
**❖ ကြေညာလွှာပါ အချက်များကို စည်းကြပ်မှုမပြုသေးပါက ပြင်ဆင်ခွင့်ရှိပါသည်။**

**မှတ်ချက်။ လုပ်ငန်းရပ်စဲလျှင် ရပ်စဲသည့်နေ့အထိ စည်းကြပ်ရန်ရှိသော ကာလအတွက် ကြေညာလွှာကို ရပ်စဲသည့်နေ့မှ ၁၅ ရက်အတွင်း သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးထံသို့ မှတ်ပုံတင်လက်မှတ်နှင့်အတူ ပေးပို့ရမည် ဖြစ်ပါသည်။**

## အထူးကုန်စည်ခွန်ပေးဆောင်ခြင်း

❖ ကျသင့်အထူးကုန်စည်ခွန်ကို အောက်ပါအတိုင်း ပေးဆောင်ရပါမည် -

**ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်ပါက** ကုန်စည်ကို ရွေးယူခြင်းမပြုမီ၊

- ➢ **ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြစ်ပါက ရောင်းချသည့်လ၏** လကုန်ဆုံးပြီး ၁၀ ရက်အတွင်း၊
- ➢ **ထုတ်လုပ်မှုအပေါ် အခွန်ကျသင့်စေရန် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် အထူးကုန်စည်များဖြစ်ပါက** အထူးကုန်စည်ကို **ထုတ်လုပ်သည့်လ၏** လကုန်ဆုံးပြီး **၁၀ ရက်**အတွင်း၊

- **ပြည်ပသို့တင်ပို့ခြင်းဖြစ်ပါက** အထူးကုန်စည်ကို **တင်ပို့သည့်လ၏** လကုန်ဆုံးပြီး **၁၀ ရက်** အတွင်း၊
- ဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို ကုန်စည်ပိုင်ရှင် သို့မဟုတ် လက်ဝယ်ထားရှိသူထံတွင် စိစစ်တွေ့ရခြင်းဖြစ်ပါက ကုန်စည်ပိုင်ရှင် သို့မဟုတ် လက်ဝယ်ထားရှိသူက စိစစ်တွေ့ရှိသည့်နေ့မှ **၇ ရက်**အတွင်း။

❖ စည်းကြပ်မိန့်အရ ပေးဆောင်ရမည့်အခွန်ကို ကျေနပ်မှုမရှိပါက အယူခံဝင်နိုင်ပါသည်။
❖ e- payment စနစ်ဖြင့် ပေးသွင်းနိုင်ပါသည်။

## အခြားသိသင့်သည့် အချက်များ

❖ အထူးကုန်စည်ထုတ်လုပ်သူ သို့မဟုတ် တင်သွင်းသူသည် မိမိထုတ်လုပ်သော သို့မဟုတ် တင်သွင်းသော အထူးကုန်စည်တန်ဖိုးများကို တန်ဖိုးအဆင့်သတ်မှတ်နိုင်ရန်အတွက် မြို့နယ်အခွန်ဦးစီးဌာနမှူးမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရပါမည်။

❖ အထူးကုန်စည်ခွန်ဥပဒေအရ အခွန်ကျသင့်သည့် အထူးကုန်စည်များအနက် သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများက ပြည်တွင်း၌ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ်ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း၂၀၀ တိတိထက် မပိုလျှင် အထူးကုန်စည်ခွန် စည်းကြပ်ခြင်း မပြုပါ။ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ် ဖြစ်ပါက ထုတ်လုပ်ရောင်းချမှုအတွက် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် လိုအပ်ပါသည်။

❖ စာရင်းများကို ပြုစုထားရှိရာတွင် ကုန်သွယ်မှုစနစ်(Mercantile System)ဖြင့် ထားရှိရပါမည်။ အထူးကုန်စည်ခွန်အတွက် စာရင်းကာလသည် **ပြက္ခဒိန်တစ်လ** ဖြစ်သည်။ စာရင်းကာလအတွင်း အမှန်တကယ်မရရှိသေးသော်လည်း ဖြစ်ထွန်းပေါ်ပေါက်ရန်ရှိသော ရောင်းရငွေအားလုံးကိုထိုစာရင်းကာလအတွင်းရေးသွင်းရမည်။ အဆိုပါရောင်းရငွေရရှိမှုနှင့်စပ်လျဉ်းသော ကုန်ကျစရိတ်အားလုံးကိုလည်း အမှန်တကယ်မပေးချေရသေးစေကာမူ ထိုစာရင်းကာလအတွင်း ထည့်သွင်းရေးဆွဲရမည်။ ကြေညာလွှာကို **သုံးလတစ်ကြိမ်** တင်သွင်းရမည် ဖြစ်ပြီး ကျသင့်အခွန်ကို **လစဉ်သက်ဆိုင်ရာလကုန်ဆုံးပြီး (၁၀) ရက်**အတွင်း ပေးသွင်းရမည်ဖြစ်သောကြောင့် စာရင်းများကို **တစ်လလျှင်တစ်ကြိမ်** စာရင်းချုပ်ရန်ဖြစ်ပါသည်။

❖ အထူးကုန်စည်များကို ပြည်တွင်းသို့တင်သွင်းသူ သို့မဟုတ် ပြည်တွင်း၌ထုတ်လုပ်သူသည် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရမည့် အထူးကုန်စည်များကို သတ်မှတ်ထားသည့်အတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိလျှင် သို့မဟုတ် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက

ထုတ်ပေးသော (ခွင့်ပြုချက်အထောက်အထား) တစ်စုံတစ်ရာမရှိလျှင် ခွင့်ပြုဥပစာအတွင်းမှ ယင်းအထူးကုန်စည်များကို ရွှေ့ပြောင်းခြင်း မပြုရပါ။

- ❖ ယာယီအသုံးပြုရန် ရည်ရွယ်ချက်ဖြင့် ပြည်တွင်းသို့တင်သွင်းလာပြီး မူလတင်သွင်းသည့်နိုင်ငံသို့ မူရင်းပမာဏအခြေအနေအတိုင်း ပြန်လည်တင်ပို့မည့် အထူးကုန်စည်များဖြစ်ပါက အကောက်ခွန်သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရပါမည်။
- ❖ အမှန်ပေးဆောင်ရမည့်ငွေထက် ပိုမိုပေးဆောင်ထားကြောင်း အခွန်ထမ်းက အထောက်အထားတင်ပြနိုင်လျှင်သော်လည်းကောင်း၊မြို့နယ်အခွန်ဦးစီးဌာနမှူးက တွေ့ရှိလျှင်သော်လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက တွေ့ရှိလျှင်သော်လည်းကောင်း ယင်းပိုငွေကို ပြန်အမ်းရမည်။ အခွန်ထမ်းသည် ပြန်အမ်းငွေရရန်ရှိကြောင်း အကြောင်းကြားစာရရှိသည့်နေ့မှ **တစ်နှစ်** အတွင်းသာ ထိုပြန်အမ်းငွေကို ထုတ်ပေးရန် သို့မဟုတ် ခုနှိမ်ပေးသွင်းခွင့်ပြုရန် သို့မဟုတ် ပေးဆောင်ရန်ရှိသည့် အခွန်အဖြစ် သတ်မှတ်ပေးရန် တောင်းဆိုခွင့်ရှိပါသည်။
- ❖ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ အထူးကုန်စည်ခွန်ကျသင့်သည့် အထူးကုန်စည် (၃) မျိုး (သစ်လုံး၊ သစ်ခွဲသား၊အခြားအဖိုးတန်ကျောက်မျက်ရတနာအရိုင်းထည်များ၊ အခြားအဖိုးတန်ကျောက်မျက်ရတနာအချောထည်များ) အဓိပ္ပါယ်ဖွင့်ဆိုမှုနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၂- ၁၁ -၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၉၁/ ၂၀၁၈ ပါအတိုင်း လိုက်နာဆောင်ရွက်ရပါမည်။
- ❖ **အထူးကုန်စည်ခွန် ပေးဆောင်ပြီးကြောင်း အောက်ပါအထောက်အထားများရှိရန် လိုအပ်ပါသည် -**
  - ➢ အထူးကုန်စည်ခွန်အမှတ်တံဆိပ်စွဲကပ်ရန် လိုအပ်သော အထူးကုန်စည်များဖြစ်ပါက ယင်းတို့ကို လက်ဝယ်ထားရှိသူအနေဖြင့် ယင်းကုန်စည်ကို ဝယ်ယူစဉ်က **သက်ဆိုင်ရာအခွန်အမှတ်တံဆိပ် စွဲကပ်ထားပြီး** ဖြစ်ရမည်။
  - ➢ အထူးကုန်စည်ခွန်အမှတ်တံဆိပ်စွဲကပ်ရန် မလိုအပ်သော အထူးကုန်စည်များအတွက် လက်ဝယ်ထားရှိသူအနေဖြင့် ထိုကုန်စည်ကိုဝယ်ယူစဉ်က အထူးကုန်စည်ခွန် ထည့်သွင်းပေးဆောင်ထားသည့် **ပြေစာ** တင်ပြနိုင်ရမည် ဖြစ်ပါသည်။

## အထူးကုန်စည်ခွန်ခုနှိမ်ခွင့်ရှိသူများ

- ❖ ပြည်တွင်း၌အထူးကုန်စည်ထုတ်လုပ်သူ၊
- ❖ ပြည်ပသို့အထူးကုန်စည်တင်ပို့သူ၊

## အထူးကုန်စည်ခွန်ခုနှိမ်ပေးသွင်းခြင်းဆိုင်ရာသတ်မှတ်ချက်များ

❖ **အထူးကုန်စည်ထုတ်လုပ်သူနှင့် တင်ပို့သူများသည်** အခွန်တစ်ကြိမ်တည်းသာ ကျသင့်စေရန် အခွန်ခုနှိမ်ပေးသွင်းခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ရမည် -

- ➢ အထူးကုန်စည် **ထုတ်လုပ်သူနှင့်တင်ပို့သူ** တို့သည် နှစ်အလိုက်လုပ်ငန်းမှတ်ပုံတင်ရမည် ဖြစ်ပြီး မှတ်ပုံတင်သက်တမ်းရှိသူများဖြစ်ရပါမည်၊
- ➢ အထူးကုန်စည်ကို **ပြည်တွင်း၌ထုတ်လုပ်ခြင်း**ဖြစ်ပါက ထုတ်လုပ်/ ရောင်းချသည့် လကုန်ဆုံးပြီး (၁၀) ရက်အတွင်း ကျသင့်အထူးကုန်စည်ခွန်ကို ပေးဆောင်ရမည့်အပြင် သက်ဆိုင်ရာသုံးလပတ်အလိုက် ကြေညာလွှာကို တင်သွင်းသူများဖြစ်ရမည်၊
- ➢ အထူးကုန်စည်ကို **ပြည်ပသို့တင်ပို့ခြင်း**ဖြစ်ပါက တင်ပို့ရောင်းချခြင်းအတွက် သက်ဆိုင်ရာ လကုန်ဆုံးပြီး (၁၀) ရက်အတွင်း ကျသင့်အခွန်ကို ပေးဆောင်ရမည့်အပြင် သက်ဆိုင်ရာ သုံးလပတ်အလိုက် ကြေညာလွှာကို တင်သွင်းသူများဖြစ်ရပါမည်။

❖ **အထူးကုန်စည်ထုတ်လုပ်ရောင်းချသူသည်** မိမိထုတ်လုပ်သည့် အထူးကုန်စည် ရောင်းချမှု အပေါ် ကျသင့်သည့်အထူးကုန်စည်ခွန်မှ ယင်းအထူးကုန်စည် ထုတ်လုပ်မှုလုပ်ငန်းအလို့ငှာ ပေးဆောင်ခဲ့ရသည့် အောက်ဖော်ပြပါအထူးကုန်စည်ခွန်များကို ခုနှိမ်နိုင်ပါသည် -

- ➢ ပြည်တွင်းသို့ ကိုယ်တိုင်ဝယ်ယူတင်သွင်းသော အထူးကုန်စည်များ၏ ကုန်းပေါ်ရောက် တန်ဖိုးအပေါ် ပေးဆောင်ခဲ့ရသည့်အထူးကုန်စည်ခွန်၊
- ➢ ပြည်တွင်း၌ အထူးကုန်စည်ထုတ်လုပ်သူထံမှကိုယ်တိုင်ဝယ်ယူသော အထူးကုန်စည်များ အတွက် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်၊

❖ **အထူးကုန်စည်ကိုပြည်ပသို့တင်ပို့ရောင်းချသူသည်** ပြည်ပသို့တင်ပို့ရောင်းချမှုအပေါ် ကျသင့် အထူးကုန်စည်ခွန်မှ ယင်းအထူးကုန်စည်ကို ပြည်ပသို့တင်ပို့ရောင်းချမှု လုပ်ငန်းအလို့ငှာ ပေးဆောင်ခဲ့ရသည့် အောက်ဖော်ပြပါ အထူးကုန်စည်ခွန်များကို ခုနှိမ်နိုင်ပါသည် -

- ➢ ပြည်တွင်းသို့ ကိုယ်တိုင်ဝယ်ယူတင်သွင်းသော အထူးကုန်စည်များ၏ ကုန်းပေါ်ရောက် တန်ဖိုးအပေါ်ပေးဆောင်ခဲ့ရသည့်အထူးကုန်စည်ခွန်၊
- ➢ ပြည်တွင်း၌ အထူးကုန်စည်ထုတ်လုပ်သူထံမှ ကိုယ်တိုင်ဝယ်ယူသော အထူးကုန်စည်များ အတွက် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်၊

## အထူးကုန်စည်ခွန်ခုနှိမ်ပေးသွင်းခြင်းဆိုင်ရာသတ်မှတ်ပုံစံများ

- အထူးကုန်စည်ကို ပြည်တွင်းသို့**တင်သွင်းခြင်း**ဖြစ်ပါက တင်သွင်းသည့် အထူးကုန်စည်နှင့် စပ်လျဉ်းသည့်အချက်အလက်များကို တင်သွင်းသူသည်သတ်မှတ်ပုံစံ ပတခ (အထခ)-၂၁ ဖြင့် သက်သေခံလက်မှတ်နှစ်စောင်ပြုစုပြီး မူရင်းခွဲကို မိမိနှင့်သက်ဆိုင်သည့် မြို့နယ်အခွန်ဦးစီး ဌာနမှူးထံပေးပို့ပြီး မူရင်းကိုလက်ခံအဖြစ် သိမ်းဆည်းထားရမည်ဖြစ်သည်။
- အထူးကုန်စည်ကို ပြည်တွင်း၌ **ထုတ်လုပ်ရောင်းချသူ**ထံမှ တိုက်ရိုက်ဝယ်ယူခြင်းဖြစ်ပါက အထူးကုန်စည်ကို ထုတ်လုပ်ရောင်းချသူသည် သတ်မှတ်ပုံစံ ပတခ (အထခ)-၂၀ ဖြင့် သက်သေခံလက်မှတ်သုံးစောင်ပြုစု၍ မူရင်းကိုဝယ်ယူသူသို့ လည်းကောင်း၊ မူရင်းခွဲတစ်စောင် ကို ဝယ်ယူသူနှင့်သက်ဆိုင်သည့် မြို့နယ်အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး/ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးဌာနမှူးထံလည်းကောင်း ပေးပို့၍ ကျန်မူရင်းခွဲတစ်စောင်ကို လက်ခံအဖြစ်သိမ်းဆည်းထားရမည်။
- ပတခ(အထခ) ၂၀ သက်သေခံလက်မှတ်အစား လုံခြုံမှုအဆင့်ရှိစာရွက်ကို အသုံးပြုထားသည့် ပတခ(အထခ)-၂၀ပုံစံဖြင့် (၁-၆-၂၀၁၇) ရက်နေ့မှစ၍ အစားထိုးအသုံးပြု ဆောင်ရွက် လျက် ရှိပါသည်။ ထိုသို့အသုံးပြုရာတွင် ခုနှိမ်ခွင့်တောင်းခံမည့် အခွန်ထမ်းသို့ ပေးအပ်သည့် မူရင်းကိုသာ လုံခြုံမှုအဆင့်ရှိ သက်သေခံလက်မှတ်ပုံစံအဖြစ် အသုံးပြု၍ သက်ဆိုင်ရာအခွန်ရုံး တွင် ခုနှိမ်ခွင့်တောင်းခံရမည်ဖြစ်ပြီး ကျန်မူရင်းခွဲ နှစ်စောင်ကို မိတ္တူကူး၍အသုံးပြုရပါမည်။
- ပြည်တွင်းသို့ တင်သွင်းသော အထူးကုန်စည်များအတွက် ယခင်သတ်မှတ်ပြဌာန်းခဲ့သည့် "ပတခ (အထခ)-၂၁" ပုံစံကိုသာ ဆက်လက်အသုံးပြုသွားရပါမည်။
- ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် သို့မဟုတ် ပြည်ပသို့တင်ပို့ရောင်းချသည့် အထူး ကုန်စည်များအတွက်သာ အခွန်ခုနှိမ်ပေးသွင်းရန်ဖြစ်၍ ရောင်းချခြင်းမပြုရသေးသည့် အထူး ကုန်စည် ကုန်လက်ကျန်များအတွက် ရောင်းချသည့်အချိန်တွင် အခွန်ခုနှိမ်ပေးသွင်းနိုင်ရေး အတွက် သတ်မှတ်ပုံစံ ပတခ(အထခ)-၂၂ဖြင့် ဖြည့်စွက်၍ ဆက်လက်သယ်ဆောင်ခွင့်ပြုပါ မည်။

## အထူးကုန်စည်ခွန်ခုနှိမ်ခွင့်မပြုသည့်ကိစ္စရပ်များ

- လုပ်ငန်း၏ပုံသေပိုင်ပစ္စည်း သို့မဟုတ် မ-တည်အပိုင်ပစ္စည်းများအတွက် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်များကိုခုနှိမ်ခွင့်မပြုပါ၊
- ပြည်တွင်း၌ထုတ်လုပ်ရောင်းချမှု သို့မဟုတ် ပြည်ပသို့တင်ပို့ရောင်းချမှုအတွက် ကျသင့်အထူး ကုန်စည်ခွန်မှ ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်ကို ခုနှိမ်ရာတွင် ပေးဆောင်ခဲ့ရသည့်

အထူးကုန်စည်ခွန်က ပိုမိုသည့်ကိစ္စ၌ ခုနှိမ်ရန်ပိုမိုနေသည့် အထူးကုန်စည်ခွန်ကို လုပ်ငန်း၏ အသုံးစရိတ်အဖြစ် ဝင်ငွေခွန်တွက်ချက်ရာတွင် ခွင့်ပြုနုတ်ပယ် ပေးပါမည်၊

❖ ပျက်စီးဆုံးရှုံးသွားသည့် အထူးကုန်စည်များ၊ ရောင်းချခြင်းမပြုသည့် အထူးကုန်စည်များ အတွက် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်ကို ခုနှိမ်ခွင့်မပြုပါ။

**ပြည်တွင်းအခွန်များဦးစီးဌာန**

အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ် ၄၆၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၅၂၂၊၀၆၇-၃၄၃၀၅၃၃၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်)၊ အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ် ၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ သို့မဟုတ် အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး (မန္တလေး) ၆၅လမ်း၊ ၂၂x၂၃ လမ်းကြား၊ ဖုန်းနံပါတ်၀၂-၄၀၃၀၁၉၂ သို့ မေးမြန်း စုံစမ်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.irdmyanmar.gov.mm သို့ ဝင်ရောက်ကြည့်ရှု လေ့လာပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများကို download ရယူနိုင်ပါသည်။